# မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ

**(၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် - ၄။)**

**၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်**

**(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်)**

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

Myanmar Law Information System (MLIS)

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအဆင့်ဆင့်ကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရသည့် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး ဌာနမှူးကို ဆိုသည်။

(ဆ) **ခရိုင်ဦးစီးဌာနမှူး** ဆိုသည်မှာ ခရိုင်အတွင်းရှိ ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်ရသည့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဇ) **မြို့နယ်ဌာနမှူး** ဆိုသည်မှာ မြို့နယ်အတွင်းရှိ ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန် ယူဆောင်ရွက်ရသည့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဈ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင် သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင် သော်လည်းကောင်း၊ ရေထဲ၌ နေထိုင်ကျက်စားနေသည့် ရေသတ္တဝါ အားလုံး ယင်းတို့၏ ဥများ၊ သား လောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်ကို ရေတွင် ပေါက်ပွား သည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွား ဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကား ရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်း များလည်း ပါဝင်သည်။

(ဠ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်းစသည့်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်း ခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဋ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကို မဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာ များလည်းပါဝင် သည်။

(ဍ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ ဖြစ်စေ မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်း ပါဝင်သည်။

(ဎ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြစ်စေ မြေပေါ်တွင် ရွေ့လျားသွားလာနိုင်သည့် မည် သည့်ယာဉ်ကိုမဆို ဆိုသည်။

(ဏ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများအား နည်းအမျိုးမျိုး အသုံးပြု၍ မူလအခြေအနေမှ ပြုပြင် ပြောင်းလဲခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင် စားသုံးရန်မှတပါး ထုတ်လုပ်ဆောင်ရွက် သော ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးဆားနယ်၊ ကြပ်တိုက်ခြင်းစသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(တ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး နယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ် အမြဲ ရေတည်ရှိသည် ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ ငါးများနေထိုင် ကျက်စားခိုအောင်းပေါက် ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင် ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ တိုင်းဒေသကြီးအစိုးရဌာန တစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များစသည်တို့ပါဝင်သည်။

(ထ) **ဂရန်အင်း**ဆိုသည်မှာ ဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ဒ) **သီးသန့်အင်း** ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန် အလို့ငှာ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ် မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုသည့် ရေပြင်ကိုဆိုသည်။

(ဓ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဌာနက ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင် ချထား၍ ဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(န) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုမှ ရရှိသော ငါး၊ သက်ရှိရေ သတ္တဝါ များ၊ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုလိုသည်။

Myanmar Law Information System (MLIS)

(ပ) **အငှားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့် အငှားဂရန်ကိုဆိုသည်။

(ဖ) **နှစ်ရှည်အငှားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက နှစ် အကန့်အသတ်ဖြင့် ဆက်လက်၍ အငှားဂရန်ချထားခြင်းကို ဆိုသည်။

(ဗ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ဌာနကထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဘ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဌာနက ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါ လိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(မ) **ရေလုပ်သား** ဆိုသည်မှာ မည်သည့်ငါးလုပ်ငန်းတွင်မဆို အချိန်ပိုင်း၊ အချိန်ပြည့် လုပ်ကိုင်နိုင်ရန် ဌာနမှ ရေလုပ်သားမှတ်ပုံတင် ထုတ်ပေးထားသူကို ဆိုသည်။

(ယ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန် (သို့မဟုတ်) တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက် ဖျက်ခြင်းကြောင့်မဟုတ်ဘဲ တိုင်းဒေသကြီးအကျိုးငှာ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း (သို့မ ဟုတ်) ဖျက်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် (သို့မဟုတ်) အခြားခိုင်လုံ သော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူ (သို့မ ဟုတ်) တင်ဒါလိုင်စင်ချထားခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန် ကျန်ရှိနေ သော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ရေချိုငါးလုပ်ငန်းကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်ရန်၊

(ဃ) တိုင်းဒေသကြီးမှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်စေရန်၊

## အခန်း (၃)
## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

Myanmar Law Information System (MLIS)

၄။ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်းတစ်ခုခုတွင် အငှားဂရန်ကို သတ်မှတ်သည့် နည်းလမ်း များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင် ရယူခြင်းဖြင့် ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ငါးပြုပြင်မွမ်းမံခြင်း၊ ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့် ညီညွတ်ပါက ငါးပြုပြင် မွမ်းမံခွင့်၊ ရေထွက်ပစ္စည်းရောင်းဝယ် စုဆောင်းခွင့်၊ သယ်ယူပို့ဆောင်ခွင့်လိုင်စင် ထုတ်ပေးနိုင်သည်။

၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးမှသာ လိုင်စင်ထုတ်ပေးရမည်-

(က) နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုသည် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက် ထားခြင်း။

၉။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင် ရောင်းချခြင်းနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စ တို့ကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဆောင်ရွက်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အတည်ပြု ချက် ရယူပြီး အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့မှအပ ရေချိုငါး လုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထား လာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးနိုင်သည်။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် လုပ်သားများနှင့်စပ်လျဉ်း၍ မှတ်ပုံတင် လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ရေလုပ်သား မှတ်ပုံတင်ထုတ်ပေးနိုင်သည်။

## အခန်း(၄)
## အခွန်အခပေးဆောင်ခြင်း

၁၂။ ဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် ပေးသွင်းရမည့် လေလံကြေးဖြစ်သော အင်းခွန်ကို လည်း ကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း၊ လက် ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီးအပြေအကျေ ပေးဆောင်ရမည်။

၁၃။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူသည် လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။

Myanmar Law Information System (MLIS)

၁၄။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အင်းခွန်နှင့် အခြားကျသင့် ငွေများကို ပေးဆောင်ရမည်။

၁၅။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည်-

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့် ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့် သော အခွန်အခများကို ဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေနှင့် ပေးဆောင်ရမည်။

၁၆။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများပေးဆောင်ခြင်းကို ကင်းလွတ်ခွင့်ပြု နိုင်သည်-

(က) ဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) နိုင်ငံတော်အကျိုးငှာ လိုအပ်သည့် ငါးလုပ်ငန်း။

## အခန်း (၅)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဌာနက သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များနှင့် ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ဃ) ဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အခမဲ့ ဆောင်ရွက် ပေးရမည်။

(င) မိမိလုပ်ငန်းတွင် ဌာန၌မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်ရမည်။

၁၈။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) အငှားဂရန် (သို့မဟုတ်) လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းကို လုပ်ကိုင်ခွင့် ရှိသည်။

(ခ) ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားနိုင်ခွင့်ရှိသည်။

## အခန်း (၆)

## တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၁၉။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ ပညာပေး ခြင်း။

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို ဝန်ကြီး၏ သဘော တူညီချက်ဖြင့် သတ်မှတ်ပေးခြင်း။

Myanmar Law Information System (MLIS)

(ဂ) တင်ဒါငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း။

(ဃ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူလိုက်နာရမည့် အငှားဂရန်၊ လိုင်စင်ပါ စည်းကမ်းချက်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(စ) လိုင်စင်ခ၊ ငါးစိုခွန်၊ လေ့ခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဆ) ဦးစီးဌာနမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ် ပေးခြင်း၊

(ဇ) ဝန်ကြီးက အခါအားလျော်စွာ ပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ခြင်း၊

(ဈ) ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်၍ ဝန်ကြီးထံ တင်ပြခြင်း။

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူ၍ ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် အမျိုးအစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်မကန်သော နည်း လမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင်သော်လည်းကောင်း၊ လုံလောက်သော အကြောင်းရှိလျှင်သော် လည်းကောင်း၊ မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဝန်ကြီးထံ တင်ပြအတည်ပြုချက်ရယူ၍ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ဌာနက ထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးသွားသဖြင့် မိတ္တူ ရယူလိုကြောင်း လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေး ငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးရန် ခွင့်ပြုခြင်း။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်ထားသောနည်းလမ်းနှင့်အညီ ဝန်ကြီး၏ သဘောတူညီချက် ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကို ဖြစ်စေ၊ ပိုင်ရှင် ကိုဖြစ်စေ၊ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည် လုပ်ကိုင်ခွင့်ပြု ခြင်း၊

Myanmar Law Information System (MLIS)

(ဃ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဘဏ္ဍာတွင်အပ်ငွေအဖြစ် ပေးသွင်းစေခြင်း။

၂၂။ တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် ရေထွက်ပစ္စည်းဆိုင်ရာ အစားအသောက်များအား ကောင်းမွန် သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက်ထုတ်လုပ်ခြင်း ရှိ မရှိ စစ်ဆေးနိုင်ရန် ဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကို ဖြစ်စေ၊ ဌာနမှူးတစ်ဦးဦးကို ဖြစ်စေ၊ အမှုထမ်းတစ်ဦးဦးကို ဖြစ်စေ တာဝန်ပေးအပ်ဆောင်ရွက်စေနိုင်သည်။

၂၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းများ စနစ်တကျလုပ်ကိုင် ဆောင်ရွက်ကြစေရန် အတွက် လည်းကောင်း၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ ငါးလုပ်ငန်းနှင့် ပတ် သက်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက်၊ တားမြစ် ချက်များကို ထုတ်ပြန်နိုင်သည်။

၂၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေးထားသော အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်းပြုကြောင်း စစ်ဆေးတွေ့ရှိရပါက ယင်း အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းရမည်။

(ခ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထုတ်ပေးထားသည့် နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက မိမိအားထုတ်ပေး ထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူ တစ်ဦးတစ်ယောက်အား လွှဲပြောင်းကြောင်း သို့မဟုတ် ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေး တွေ့ရှိရပါက အစိုးရအဖွဲ့၏ ခွင့်ပြုချက်ကိုရယူပြီး ယင်း နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းရမည်။

## အခန်း(၇)

## ပြန်အမ်းငွေလျှောက်ထားခြင်း

၂၅။ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ သည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထား နိုင်သည်-

(က) တိုင်းဒေသကြီးအကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ် မှု ထိခိုက်နစ်နာခြင်း။

၂၆။ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၂၅ အရ လျှောက်ထားလာလျှင် လုပ်ထုံးလုပ်နည်းများ နှင့်အညီ စိစစ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၂၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၂၅ အရ လျှောက်ထားလာသည့် ကိစ္စနှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း စိစစ်တွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်သော ပြန်အမ်းငွေ ပမာဏကို သတ်မှတ်၍ ဝန်ကြီးထံ တင်ပြရမည်။

Myanmar Law Information System (MLIS)

၂၈။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေပမာဏကို ထုတ် ပေးရန် အတည်ပြုအဆုံးအဖြတ်ပေးရမည်။

၂၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၂၈ အရ ပြန်အမ်းငွေ ထုတ်ပေးရန် အဆုံးအဖြတ်ရရှိပါက သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံပေးပို့၍ ခရိုင်ဦးစီးဌာနမှူးသည် ဌာန၏ ငွေစာရင်းလုပ်ထုံးလုပ်နည်း များနှင့်အညီ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူအား ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေး ရမည်။

## အခန်း (၈)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်ခြင်း

၃၀။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ဤဥပဒေအရ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ပျက်ပြယ်သည်-

(က) ခွင့်ပြုကာလကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ရုပ်သိမ်းခြင်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက် မလုပ်ကိုင်တော့ကြောင်း ဦးစီးဌာနမှူးက စိစစ်တွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန်၊ တင်ဒါ လိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

## အခန်း (၉)

## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၃၁။ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများ နှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်း ရေပြင်အတွင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီးဦးစီး ဌာနမှူးက သီးခြားတာဝန်ပေးအပ်ချက်အရ တိုင်းဒေသကြီးအတွင်းရှိ ရေချိုငါးလုပ်ငန်း ရေပြင်အတွင်းတွင် ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေး ခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်းတွင် ထားရှိရမည့် အငှားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် ဖောက်ဖျက် ကျူးလွန်သော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်း ကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံ ပစ္စည်းများကို သိမ်းဆည်းခြင်း၊

(င) ဤဥပဒေပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူကို ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

Myanmar Law Information System (MLIS)

(စ) ငါးနှင့် အခြားလျှင်မြန်စွာပုပ်သိုးပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲ ရောင်းချပြီး ရောင်းရငွေကို ဘဏ်အပ်ငွေအဖြစ် ပေးသွင်းခြင်း။

၃၂။ မြို့နယ်ဦးစီးဌာနမှူးသည် ဤဥပဒေအရ ဖောက်ဖျက်ကျူးလွန်သော ပြစ်မှုကို တရားစွဲဆို တင်ပို့ ရာတွင် ယင်းပြစ်မှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သိမ်းဆည်းရမိသော ငါးများ၊ ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများနှင့် လက်တွေ့တွင် တရားရုံးရှေ့မှောက်သို့ သယ်ယူရန် မလွယ်ကူသော အခြား ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် တင်ပြရန် မလိုဘဲ ယင်းပစ္စည်းများအား မည်သို့ စီမံဆောင်ရွက် ထားကြောင်းကို အစီရင်ခံစာဖြင့်သော်လည်းကောင်း၊ မှတ်တမ်းဓာတ်ပုံ၊ အခြားစာရွက်စာတမ်း အ ထောက်အထားများဖြင့် သော်လည်းကောင်း၊ တရားရုံးသို့ တင်ပြရမည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးက လက်ခံ၍ သက်သေခံပစ္စည်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

## အခန်း (၁၀)

## အယူခံခြင်း

၃၃။ (က) မြို့နယ်ဦးစီးဌာနမှူးက ငါးဖမ်းကိရိယာ လိုင်စင်နှင့် စပ်လျဉ်း၍ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံသို့ အယူခံ နိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က)အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင် သည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ခရိုင်ဦးစီးဌာနမှူးချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ အယူခံရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် ခရိုင်ဦးစီး ဌာနမှူးက ချမှတ်ထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ထပ်မံ၍ အယူခံဝင်ခွင့်မရှိစေရ။

၃၄။ (က) ငါးဖမ်းကိရိယာလိုင်စင်မှအပ အငှားဂရန်၊ အခြားလိုင်စင်နှင့်စပ်လျဉ်း၍ ခရိုင်ဦးစီး ဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေမှ ရက်ပေါင်း (၃၀)အတွင်း တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က)အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

Myanmar Law Information System (MLIS)

(ဃ) ပုဒ်မခွဲ (ဂ)အရ အယူခံရာတွင် ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ် ထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ် နိုင်သည်။ ဝန်ကြီးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ထပ်မံ၍ အယူခံဝင်ခွင့် မရှိစေရ။

၃၅။ (က) နှစ်ရှည်အငှားဂရန် သို့မဟုတ် နိုင်ငံခြားငွေဖြင့် လုပ်ကိုင်သည့် ငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်း အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(ခ) ဝန်ကြီးသည် ပုဒ်မခွဲ (က)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ဝန်ကြီးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ အယူခံရာတွင် အစိုးရအဖွဲ့သည် ဝန်ကြီးက ချမှတ်ထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ အစိုးရအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ထပ်မံ၍ အယူခံဝင်ခွင့် မရှိစေရ။

## အခန်း (၁၁)

## တားမြစ်ချက်များ

၃၆။ မည်သူမျှ ဤဥပဒေအရ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၃၇။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေ သော ပစ္စည်းဖြင့် ငါးဖမ်းခြင်း၊ လျှပ်စစ်ဓာတ်အားအသုံးပြု၍ ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီး ခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း၊

၃၈။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရပြီးနောက် ဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို သတ်မှတ်ကာလ အတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၉။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ ခွင့်ပြုချက် မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက်စသော အပိတ်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထား ခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၄၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၄၁။ မည်သူမျှ ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၂။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါး၊ အခြား ရေနေသတ္တဝါနှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထုညစ်ညမ်းစေခြင်း မပြုလုပ် ရ။

၄၃။ မည်သူမျှ ဂရန်အင်း သို့မဟုတ် ဂရန်အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေ ငါးထိုင်တောများ ပျက်စီးစေခြင်း၊ ခုတ်ထွင်ခြင်းမီးရှို့ခြင်း၊

(ခ) ဂရန်အင်း၏ ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) သီးနှံစိုက်ပျိုးခြင်း၊

(ဃ) လူနေအိမ်အဆောက်အဦများ ဆောက်လုပ်နေထိုင်ခြင်း။

၄၄။ မည်သူမျှ ဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင် ဖြစ်စေ၊ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

၄၅။ မည်သူမျှ ဦးစီးဌာနမှူးက ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် ငါး၊ ငါးဖမ်းကိရိယာ၊ အခြား ပစ္စည်းနှင့် ငွေစသည်များကို ကွယ်ဝှက်ခြင်း သို့မဟုတ် ဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ စွန့်ပစ်ခြင်း မပြုလုပ်ရ။

၄၆။ မည်သူမျှ ရေလုပ်သားမှတ်ပုံတင်မရှိဘဲ ဤဥပဒေအရ လုပ်ကိုင်သော ငါးလုပ်ငန်းတစ်ခုခုတွင် ရေလုပ်သားအဖြစ် လုပ်ကိုင်ခြင်း မပြုရ။

၄၇။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း မပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပါဒ်အန္တရာယ် ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာ ရေး ထိခိုက်စေနိုင်သောရေထွက်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးကို ထိခိုက်စေပြီး ဘေးဥပါဒ် အန္တရာယ် ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော လူတို့စားသုံး ရန် မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထား သော ရေထွက်ပစ္စည်း။

၄၈။ ဤဥပဒေအရ အပ်နှင်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးသော မည်သည့် ပြည်သူ့ ဝန်ထမ်းမဆို အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း၊

Myanmar Law Information System (MLIS)

(ခ) ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲ ခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

## အခန်း (၁၂)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၉။ မည်သူမဆို ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈ သို့မဟုတ် ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် (၃၀၀၀၀၀/-) အထိဖြစ်စေ၊ ထောင်ဒဏ် (၃) နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၅ သို့မဟုတ် ပုဒ်မ ၄၇ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် (၂၀၀၀၀၀/-) အထိဖြစ်စေ၊ ထောင်ဒဏ် (၂)နှစ်ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၅၁။ မည်သူမဆို ပုဒ်မ ၃၉၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ သို့မဟုတ် ပုဒ်မ ၄၆ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် (၁၀၀၀၀၀/-) အထိဖြစ်စေ ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၅၂။ မည်သည့် ပြည်သူ့ဝန်ထမ်းမဆို ပုဒ်မ ၄၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်း ရမည်။

၅၃။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန် ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၅၄။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်၏ နှစ်ဆ အထိကျခံစေရမည်။

## အခန်း(၁၃)

## အထွေထွေ

၅၅။ ဤဥပဒေအရ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာလိုအပ်လျှင် ရေချိုငါးလုပ်ငန်း လုပ်ကိုင်ခွင့် နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက် နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက် ခြင်း၊

(ဂ) အခြားလျော်ကန်သင့်မြတ်သော အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

Myanmar Law Information System (MLIS)

၅၆။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ် သည်။

၅၇။ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း အမိန့် ချမှတ်ပြီးဖြစ်လျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင် ခြင်းမပြုရဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၃၊ ပုဒ်မခွဲ ၁ ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အရေးယူ ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅၈။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံး တစ်ရုံးရုံးက ဤဥပဒေ အရ ချမှတ်ထားသော အမိန့်သည် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ဤဥပဒေအရ အရေးယူဆောင်ရွက် ခြင်း အပေါ် ထိခိုက်မှုမရှိစေရ။

၅၉။ ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၆၀။ ရေချိုငါးလုပ်ငန်းရေပြင်များတွင် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်းကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဌာနကသာ ဆောင်ရွက်ခွင့်ရှိသည်။

၆၁။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်း တစ်ဦးဦး ကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၆၂။ ပုဒ်မ ၅၂ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန် လိုအပ်လျှင် ဝန်ကြီးဌာန၏ ကြိုတင် ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုခြင်း ပြုရမည်။

၆၃။ ယခင်ရေချိုငါးလုပ်ငန်းဥပဒေအရ ထုတ်ပြန်ထားသော ရေချိုငါးလုပ်ငန်းဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည် ဖြစ်စေရမည်။

၆၄။ ဦးစီးဌာနသည် ဂရန်အင်းနှင့် သီးသန့်အင်းနယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာ တိုင်းဒေသကြီး အဆင့် အစိုးရဌာနများနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၆၅။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်-

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် တို့ကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းမော်ရွှေ
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)